# မန္တလေးတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်
# မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ
# ခွဲဝေသုံးစွဲရေး ဥပဒေ

## ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

**( ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၅။ )**

**၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်**

**( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)**

**နိဒါန်း**

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို **၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း(၂)**

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး အဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၄ ခုနှစ်၊ မန္တလေး တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

# တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | **တိုင်းဒေသကြီးအစိုးရအဖွဲ့** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇၀၄.၁၅၀ | | ၁၂၁၁.၁၉၄ | ၆၉၇.၅၈၉ | | | | ၃၆၁၂.၉၃၃ |
| ၂ | ၂ | **တိုင်းဒေသကြီး လွှတ်တော်** | တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၂၀.၀၀၀ | | | | ၂၀.၀၀၀ |
| ၃ | ၄ | **တိုင်းဒေသကြီး ဥပဒေချုပ်ရုံး** | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | | | | ၄၇.၀၈၇ | | | | ၄၇.၀၈၇ |
| ၄ | ၅ | **တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး** | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၄.၆၅၃ | | | | | | | ၂၄.၆၅၃ |
| | | | **ပေါင်း** | ၁၇၂၈.၈၀၃ | | ၁၂၁၁.၁၉၄ | ၇၆၄.၆၇၆ | | | | ၃၇၀၅.၆၇၃ |

# တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | **၃၈၀.၇၈၁** | | | **၂၉၂.၂၁၄** | | | | **၆၇၂.၉၉၅** |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် တိုင်းဒေသကြီး | ၁၉၆.၂၃၆ | | | ၈.၃၁၄ | | | | ၂၀၄.၅၅၀ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဝန်ကြီးချုပ်က တာဝန် | ၄.၆၀၆ | | | - | | | | ၄.၆၀၆ |
| | | ၃ | မီးသတ်ဦးစီးဌာန | ပေးသူ | ၁၇၉.၉၃၉ | | | ၂၈၃.၉၀၀ | | | | ၄၆၃.၈၃၉ |
| ၂ | ၂ | | **သမဝါ ယမ** | ၎င်း | **၃.၀၇၈** | | | **၁၅.၂၅၀** | | | | **၁၈.၃၂၈** |
| | | ၁ | သမဝါယမဦးစီးဌာန | | | | | ၁၅.၂၅၀ | | | | ၁၅.၂၅၀ |
| | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၃.၀၇၈ | | | | | | | ၃..၀၇၈ |
| ၃ | ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၇၃၂.၇၆၁** | | | | | | | **၇၃၂.၇၆၁** |
| | | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၇၂၀.၅၄၁ | | | | | | | ၇၂၀.၅၄၁ |
| | | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၂.၂၂၀ | | | | | | | ၁၂.၂၂၀ |
| ၄ | ၄ | | **မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၎င်း | **၂၅.၃၁၇** | | | | | | | **၂၅.၃၁၇** |
| | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၀.၁၉၅ | | | | | | | ၀.၁၉၅ |
| | | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၅.၁၂၂ | | | | | | | ၂၅.၁၂၂ |
| ၅ | ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | **၉.၇၃၉** | | | | | | | **၉.၇၃၉** |
| | | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၉.၇၃၉ | | | | | | | ၉.၇၃၉ |
| ၆ | ၆ | | **အားကစား** | ၎င်း | **၈၅.၀၀၀** | | | | | | | **၈၅.၀၀၀** |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၈၅.၀၀၀ | | | | | | | ၈၅.၀၀၀ |
| ၇ | ၇ | | **ဘဏ္ဍာရေး** | ၎င်း | | **၄၄.၈၆၆** | | | | **၁၁၂၀.၆၆၁** | | **၁၁၆၆.၅၂၇** |
| | | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | ၄၄.၈၆၆ | | | | ၁၁၂၀.၆၆၁ | | ၁၁၆၆.၅၂၇ |
| ၈ | ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | **၂၉.၈၁၈** | | | | | | | **၂၉.၈၁၈** |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၉.၈၁၈ | | | | | | | ၂၉.၈၁၈ |
| ၉ | ၉ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၈၄.၇၄၂** | | | **၅၂၆.၇၇၃** | | | | **၇၁၁.၅၁၅** |
| | | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၆၈.၄၃၂ | | | ၁.၄၇၈ | | | | ၆၉.၉၁၀ |
| | | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | ၁၁၆.၃၁၀ | | | ၅၂၅.၂၉၅ | | | | ၆၄၁.၆၀၅ |
| ၁၀ | ၁၀ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ၎င်း | **၈၇၉၁.၉၇၈** | | | **၁၁၅၁.၇၁၆** | | | | **၉၉၄၃.၆၉၄** |
| | | | | ပေါင်း | **၁၀၂၄၃..၂၁၄** | **၄၄.၈၆၆** | | **၁၉၈၅.၉၅၃** | | **၁၁၂၀.၆၆၁** | | **၁၃၃၉၅.၆၉၄** |

# တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၂ | **လျှပ်စစ်စွမ်းအား** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | **၉၇.၅၀၀** | | | | **၉၇.၅၀၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (တိုင်းဒေသကြီးအဆင့်ဆောင်ရွက်ရမည့်တိုးချဲ့လုပ်ငန်းများ) (မိုးကုတ်+ပြင်ဦးလွင်(ဝက်ဝံ)) | | | | | ၉၇.၅၀၀ | | | | ၉၇.၅၀၀ |
| ၂ | ၄ | **ဆောက်လုပ်ရေး** | ၎င်း | **၁၁၇.၀၂၂** | | | | | | | **၁၁၇.၀၂၂** |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၁၇.၀၂၂ | | | | | | | ၁၁၇.၀၂၂ |
| | | ပေါင်း | | ၁၁၇.၀၂၂ | | | ၉၇.၅၀၀ | | | | ၂၁၄.၅၂၂ |